Third Story Project

in cooperation with

icco COOPERATION

SWE THA HAR

facebook.com/thirdstorychildrenbooks



ISBN 978-99971-73-63-8

# အိုအောစစ်လေး

ဂံသာ

ကာတွန်းသရုပ်ဖော် – သတိုးဆွေ



## တတိယအမြင်ပုံပြင်များစာစဉ်မှ ထွက်ရှိပြီးသောပုံပြင်များ



Everyone is Valuable | Swe Zin's Dance | Birds of a Feather | Tale of Two Pots | What Makes Us Beautiful | Frog and Snake



Phway Phway Won't Litter | Flying Cat | Pu Su's Adventures | Thiri Goes to School | Ei Si the Duckling | Pone Pone's Garden



Gardener | For the Love of Trees | Working Together | The Bridge | Superhero | Pho Maung and Friends



Little Chicken Egg | Little Bear's Hobby | Singer from Flower City | Playtime for Mee Su | Taungzalat Tale | Happy Journey



Robot Footballer | Jar Ni Goes to School | First Prize | Home | Sola the Pencil | The Little Gray Umbrella

ဆက်သွယ်ဝယ်ယူရန်: **thirdstorychildrenbooks@gmail.com**
**www.thirdstoryproject.com**

# အိုးအစစ်လေး



## ကံသာ

## ကာတွန်းသရုပ်ဖော် – သတိုးဆွေ

တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project

မိတ်ကောင်းဆွေမွန်ပုံပြင်များ (Story of Friendship 2017) မှ ထုတ်ဝေသည်။

ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိန် (၀၁၇၉၃)
သဒ်စတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၉၁)၊ ပထမထပ်၊ လမ်း ၄၀ (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။



မောင်ရေအိုး၊ မောင်ရေခွက်နဲ့ မောင်ရေအိုးဖုံးတို့ကတော့
သူငယ်ချင်းတွေပါ။ သူတို့ဟာ ကုက္ကိုပင်ကြီးအောက်မှာ
အတူနေကြတာပေါ့။ ခရီးသွားတွေကလည်း
သန့်ရှင်းအေးမြတဲ့ရေကို သောက်ရလို့
သူတို့ကို ချစ်ကြတယ်။



“ဒီလို အေးမြတဲ့ရေကို သောက်ရတာ
အမောကိုပြေသွားတာပဲ” လို့
ခရီးသွားတစ်ဦးက ဆိုသတဲ့။

ဒါကို ရေအိုးကကြားတော့ ခုလိုတွေးတယ် . . .
“ငါသာ ရေကို အေးအောင်လုပ်ပေးတာ။
ရေခွက်နဲ့ ရေအိုးဖုံးက ဘာမှလုပ်ပေးတာမဟုတ်ဘူး။”
အဲဒီလိုပါပဲ ရေခွက်ကလည်း “ငါမရှိဘဲ
အိုးထဲကရေကို သူတို့ ဘယ်လိုခပ်ကြမလဲ။
ငါသာလျှင် အရေးပါဆုံးပါလား။”

ရေအိုးဖုံးကလည်း “ငါက ရေထဲကို
အမှိုက်တွေမဝင်အောင် ကာကွယ်ပေးနေရတာ။
ဒီရေအတွက် ဘယ်သူမှမလိုဘူး။ ငါရှိဖို့ပဲလိုတာ။”



ဒီလိုနဲ့ပဲ ရေအိုး၊ ရေခွက်နဲ့ ရေအိုးဖုံးတို့ဟာ
စိတ်ဝမ်းတွေ ကွဲတော့တယ်။
ရေအိုးဟာ ကုက္ကိုပင်အောက်မှာ နေခဲ့သတဲ့။
ရေအိုးဖုံးကတော့ သရက်ပင်ကြီးအောက်ကို
ထွက်သွားပြီး ရေခွက်ကတော့ လမ်းပေါ်မှာပဲ
နေတော့တယ်။ အဲဒီလို တကွဲတပြားစီဖြစ်နေကြတဲ့
သူတို့ဟာ ခရီးသွားတွေကို ပျော်အောင်
မလုပ်ပေးနိုင်တော့ဘူးလေ။





တစ်ကိုယ်တည်းကျန်ရစ်တဲ့ ရေအိုးလေးဟာ
ရေအိုးဖုံးမရှိတာမို့ အမှိုက်တွေ ပြည့်လာတာပေါ့။



ခရီးသွားတွေမှာလည်း ရေခွက်လည်းမရှိ၊
ရေအိုးဖုံးလည်းမရှိ ညစ်ပတ်နေတဲ့
ရေကို ဘယ်လိုသောက်ကြတော့
မှာလဲနော်။

အဲဒီအချိန်မှာ ရေအိုးလေးဟာ သူ့သူငယ်ချင်းတွေကို
လှမ်းခေါ်လိုက်တယ်။ “သူငယ်ချင်းတို့ရေ . . .
လူတွေဟာ ရေသောက်ဖို့ လိုအပ်နေတာမို့
ငါတို့တွေ စည်းစည်းလုံးလုံး ပြန်နေကြဖို့
အရေးကြီးတယ်။ ဒါကြောင့်
မင်းတို့ ပြန်လာခဲ့ကြပါ” လို့ ဆိုသတဲ့။





အဖြစ်အပျက်တွေကို မြင်နေရတဲ့
ရေအိုးဖုံးနဲ့ ရေခွက်တို့ကလည်း တစ်ယောက်တည်းနဲ့
အသုံးမဝင်မှန်း သိလာကြတာပေါ့။
သန့်ရှင်းအေးမြတဲ့ရေကို ရဖို့
သူတို့တွေ စည်းလုံးကြဖို့ လိုအပ်နေပါပြီ။



“ခရီးသွားတွေ သန့်ရှင်းအေးမြတဲ့
ရေကိုသောက်ဖို့ ငါတို့
အတူတူအလုပ်လုပ်ကြရအောင်” လို့
ရေအိုးလေးက ပြောလိုက်သတဲ့။



ရေအိုးလေးပြောတာဟာ အမှန်ပဲဆိုတာကို သူတို့တွေ
အကုန်လုံး နားလည်သွားကြတယ်။ သူတို့သာ အတူတူ
စည်းစည်းလုံးလုံး ရှိကြမယ်ဆိုရင် လူတွေလည်း
ပျော်ရွှင်ရပြီး သူတို့လည်း ပျော်ရွှင်ရမယ်မဟုတ်လား။



ဒါကြောင့် သူတို့ဟာ သူတို့ အရင်နေခဲ့တဲ့
ကုက္ကိုပင်လေးအောက်မှာ အတူတကွ ပြန်နေကြပြီး
ခရီးသွားတွေအတွက် သန့်ရှင်းအေးမြတဲ့ရေနဲ့
အမြဲ ပျော်ရွှင်စေတော့သတဲ့ကွယ်။

# ကလေးတို့ ဖြေဆိုရန် မေးခွန်းများ



သောက်ရေအိုးလေး
ရတာဟာ
ဘယ်သူ့ကြောင့်ပါလဲ။
ရေအိုးလား၊ ရေခွက်လား၊
ရေအိုးဖုံးကြောင့်လား။



သူတို့ ရန်ဖြစ်ကြတဲ့အခါ
ရေကြည်ရေသန့်လေးတွေ
ရှိပါသေးလား။ ရေတွေက
ဘယ်လိုတွေဖြစ်သွားလဲ။

သူတို့ သူငယ်ချင်းတွေဟာ
ဘာလို့ မသင့်မြတ်ကြတော့
တာလဲ။



သန့်ရှင်းအေးမြတဲ့ရေ
နောက်ဆုံးမှာ
ဘယ်လိုရသွားတာလဲ။

